# Hardware Drivers များအား Backup လုပ်ခြင်း

Drivers တွေနဲ့ ပက်သက်ပြီး အမြဲတမ်းပြသနာတက်တာကတော့ motherboard ခွေမရှိတဲ့သူများပါပဲ .. ဝင်းဒိုးတစ်ခါတင်ပြီးဆိုရင် မိမိစက်နဲ့ ကိုက်မဲ့ driver ကိုလိုက်ရှာရတာ အလုပ်တစ်ခုပါပဲ .. တစ်ခါတစ်လေ အဆင်ပြေပေမဲ့ တစ်ခါတစ်လေ ဒီဆော့ဝဲလ်နဲ့ ပဲ အဆင်မပြေဖြစ်တတ်ပါတယ် .. နောက်တစ်ခုက format ချပြီး ဝင်းဒိုးပြန်တင်လိုက်တဲ့အချိန်မှာ VGA ကြောင်တာတို့ ၊ sound ကအသံမလာတာတို့ စသဖြင့် ဒုက္ခပေးတာ ကြုံဘူးပါတယ် ..ဝင်းဒိုးတင်ပြီးကာကျမှ motherboard CD ပျောက်နေတာတို့ ၊ ဝယ်တုန်းထဲက motherboard CD ပါမလာတာ၊ မေ့ခဲ့တာတွေ ဖြစ်တတ်ပါတယ်။ အဲလိုကိစ္စတွေမဖြစ်ရအောင် အခုကတည်းက မိမိ Drivers တွေကို Backup လုပ်ထားလိုက်ရင် အဲဒီပြသနာကင်းပါတယ် ... backup လုပ်တာကလဲ အလွယ်တကူလုပ်လို့ ရပါတယ် ...

အရင်ဆုံး backup လုပ်ဖို့ ဆော့ဝဲလ်ဖြစ်တဲ့ Double Driver ဆော့ဝဲလ်ကိုဒေါင်းပြီး အင်စတောလုပ်လိုက်ပါ ...
ဖိုင်ဆိုက်ကလဲ 1.48 MB ပဲရှိပါတယ် ...




http://ifile.it/ex9mkas

http://ifile.it/dl

အင်စတောပြီးပါက Double Driver software ကိုဖွင့်လိုက်ပါ ..
ပြီးရင် Driver တွေကို Scan လုပ်လိုက်ပါ ..
မိမိကွန်ပျူတာမှာရှိတဲ့ Driver List တွေပေါ်လာပါလိမ့်မယ် ..



အဲဒီမှာ မိမိ backup လုပ်ချင်တဲ့ Driver name ကို mark ပေးပြီး Backup ဆိုတဲ့ ခလုတ်ကိုနှိပ်ယုံပါပဲ ..
ဒါဆို သူက backup လုပ်မဲ့ဖိုင်ကို ဘယ်နေရာမှာသိမ်းမှာလဲဆိုပြီး တောင်းပါလိမ့်မယ် ..
ဒီတော့ မိမိစိတ်ကြိုက်တစ်နေရာပေးလိုက်ပါ ...
C မှာတော့မပေးနဲ့ ပေ့ါ .. တစ်ခုခုဖြစ်ရင် လုပ်ထားတာ အလကားဖြစ်တာပေ့ါ ..
အဲဒါတွေပြီးရင်သူ့ ဘာသာ backup လုပ်ပါလိမ့်မယ် .. အချိန်မကြာပါဘူး .. ခဏလေးပါ ..
အဲဒီမှာ မိမိ backup လုပ်ထားတဲ့ Driver တွေကို software name အလိုက် ဖိုဒါတစ်ခုစီနဲ့
သက်သက်စီခွဲပေးထားတာကိုတွေ့ ရပါမယ် ...မရောတော့ဘူးပေါ ..
နောင်တစ်ချိန် ဝင်းဒိုးပြန်တင်တဲ့အခါအလွယ်တကူပဲ ကွန်ပျူတာကို Update Driver လုပ်နိုင်ပါတယ် ...